ကျွန်ုပ်ယုံကြည်သည်

အတွဲ (၃)



# ***ဘုရားသခင်အကြောင်းလေ့လာခြင်း***

ဘုရားသခင်ဆိုတာဘယ်သူလဲ? အကယ်၍ ဘုရားသခင်ဟာဘယ်သူဖြစ်သလဲလို့ သင်သိချင်ခဲ့ရင် သို့မဟုတ်ရှာဖွေခဲ့မယ်ဆိုရင် ဘယ်လိုဖြစ်မလဲ ဘယ်သူနဲ့တူမယ်လို့ ထင်ပါသလဲ?



သင့်အဖေနဲ့အမေလိုဖြစ်မလား



သင့်ရဲ့သိပ္ပံဆရာလိုဖြစ်မလား



သင့်ကြောင်လေးလိုဖြစ်မလား



တောင်ထိပ်ပေါ်မှာထိုင်နေတဲ့ "ပညာရှိတစ်ဦး" လဲဖြစ်နိုင်တာပေါ့




အင်တာနက်ကွန်ယက်များလား

အမှန်တော့ ဘုရားသခင်ဟာဘယ်သူဖြစ်တယ်ဆိုတာပြောနိုင်တဲ့ အကောင်းဆုံးပုဂ္ဂိုလ်ကတော့ ဘုရားသခင်ကိုယ်တိုင်ဘဲဖြစ်ပါတယ်။ ဘုရားသခင်က သူဘယ်သူဖြစ်တယ်ဆိုတာ ကျွန်တော်တို့ကို သိစေချင်လို့သမ္မာကျမ်းစာကိုပေးထားခဲ့တာပါ။ သမ္မာကျမ်းစာဆိုတာ ဘုရားသခင်က သူရဲ့အကြံ၊ အကြောင်း လူသားအားလုံး(သင်အပါအဝင်) အတွက်သူ့ရဲ့အစီအစဉ်တော်ကို ရေးသားထားတဲ့ စာအုပ်ပါ။

သမ္မာကျမ်းစာအုပ်ဆိုတာ ရေးသားမှတ်တမ်းတင်ထားတဲ့ ဘုရားသခင်ရဲ့စကားတော် (သူကိုယ်တိုင်က ကျွန်တော်တို့ဆီကိုရေးလိုက်တဲ့စာ) ဖြစ်ပါတယ်။ နောက်တခုက ဘုရားသခင်ထံကလာပြီး သူနဲ့ပတ်သက်လို့ သိစရာအကြောင်းအချက်တွေ ရေးသားထားတာဟာ ကျွန်တော်တို့မှာရှိတဲ့ သမ္မာကျမ်းစာအုပ်ပါ။

ဘုရားသခင်နဲ့ပတ်သက်ပြီးသင်ဘာများသိလိုပါသလဲ။ ဘုရားသခင်နဲ့တွေ့ဆုံပြီး သူ့ကိုမေးခွင့်ရခဲ့မယ်ဆိုရင် ဘယ်လိုမေးခွန်းများ သင်မေးလိုပါသလဲ။



ဒီသမ္မာကျမ်းစာအုပ်ထဲမှာဘဲ ဘုရားသခင်နဲ့ပတ်သက်ပြီး ကလေးပေါင်းများစွာဝေဝါးနေတာကို ကျွန်ုပ်တို့ဖြေကြားပေးပါ့မယ်။ သင်မှာရှိနေတဲ့မေးခွန်းတွေနဲ့ တူကောင်းတူနေပါလိမ့်မယ်။ ဥပမာ သင်ကိုယ်တိုင်ဝေဝါးနေတာတွေက

မေးခွန်း(၁)။ ဘုရားသခင်ကပုဂ္ဂိုလ်တော်လား? နံ့ဝိညာဉ်လေလား(ကောင်ကင်းတမန်လိုများလား) အဖြေ ။ ဘုရားသခင်ကဝိညာဉ်ဖြစ်ပါတယ်။ (ယောဟန်၊ ၄း၄) ဒါကြောင့်လဲ ကျွန်တော်တို့ မျက်စိနဲ့မြင်လို့မရနိုင်တာဖြစ်ပါတယ်။ ဘုရားသခင်ဟာပုဂ္ဂိုလ်ဖြစ်တယ်လို့လဲပြောနိုင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့လိုဘဲ စဉ်းစားနိုင် ဆုံးဖြတ်ချက်ချနိုင်လို့ပါဘဲ။ ဟုတ်ပါတယ်။ သမ္မာကျမ်းစာထဲမှာ ဘုရားသခင်ကလူကို “သူ့ရဲ့သဏ္ဍာန်တော်အညီ”

(ကမ္ဘာ၊၁း၂၆) ဖန်ဆင်းထားတယ် လို့ပြောပါတယ်။ ဘုရားသခင်က ကောင်းကင်တမန်တွေကို ဖန်ဆင်းပေမယ့် ကောင်းကင်တမန်တော့မဟုတ်ပါဘူး။

မေးခွန်း နံပတ် (၂) ။ ဘုရားသခင်က ဘယ်မှာများစံပယ်တော်မူတာလဲ

အဖြေ။ ။ သမ္မာကျမ်းစာမှာ ဘုရားသခင်က ကောင်းကင်နိုင်ငံရဲ့ "ပလ္လင်တော်ပေါ်မှာ" စံတော်မူတယ်လို့ဖေါ်ပြ သင်ကြားပေးပါတယ်။ အဲ့ဒီအပြင် ဘုရားသခင်က ဝိညာဉ်တော်အားဖြင့် ကောင်းကင်ပေါ်၊ မြေကြီးပေါ်နဲ့ပင်လယ်အောက်အထိ ရှိနေတယ်လို့ပြောပါတယ်။ (ဆာလံ၊၁၃၉း၇-၉)။ နောက်ပြီး ကျွန်ုပ်ယုံကြည်သည် အတွဲ(၂)မှာ လေ့လာခဲ့ရသလိုဘဲ ယေရှုခရစ်ကိုယုံကြည်သူတိုင်းရဲ့ စိတ်နှလုံးထဲမှာလဲ ကိန်းဝပ်တော်မူပါတယ်။

မေးခွန်း နံပတ်(၃) ။ ဘုရားသခင်က အသက်ဘယ်လောက်ကြီးပြီလဲ။ နောက်ပြီး ဘယ်ကများ ဖြစ်ဖွားလာပါသလဲ။

အဖြေ။ ။ ဘုရားသခင်ကထာဝရဖြစ်တော်မူပါတယ်။ ဘယ်ကစပြီးဘယ်မှာအဆုံးသတ်မယ်ဆိုတာ ပြောလို့မရပါဘူး။ (ဆာလံ၊ ၉၀း၂)။ သူက အမြဲတည်ရှိတော်မူသောဘုရားဖြစ်ပါတယ်။ နှစ်ပေါင်း သိန်း သန်း ကုဋေ ရေတွက်လို့မရနိုင်တဲ့အထိအသက်ရှင်တော်မူတဲ့ ဘုရားသခင်ဖြစ်ပါတယ်။

မေးခွန်းနံပတ်(၄)။ ဘုရားသခင်က ကျွန်တော်တို့ကို ဘယ်လိုများဖေါ်ပြ(ထင်ရှား)ပြပါသလဲ

ဘုရားသခင်က ကျွန်တော်တို့ကို နည်းမျိုးစုံနဲ့ထင်ရှားပြပါတယ်။ သူရဲ့စုံလင်တဲ့ ဖန်ဆင်းခြင်း (ကြယ်တွေ နဲ့ စကြ်ဝဠာထဲမှာရှိတဲ့ ဂြိုလ်တွေဟာ နာရီကြီးတစ်လုံးလည်ပတ်နေသလို လည်ပတ်နေတာ၊ လှပမွှေးကြိုင်တဲ့ပန်းမျိုးစုံနဲ့၊ သိပ်ပြီးနက်တဲ့သမုဒ္ဒရာအောက်မှာရှိနေတဲ့ အံ့ဩဖွယ် ကောင်းလှတဲ့ငါးတွေ) ဒါတွေအားလုံးက ဘုရားသခင်ဟာသိပ်တော်တဲ့ ပိသုကာကြီးဖြစ်တဲ့အပြင် ဖန်ဆင်းလိုသမျှကိုဖန်ဆင်းနိုင်ပြီး အစိုးရတော်မူတဲ့ တန်ခိုးတော်ရှင် ဖြစ်တယ်ဆိုတာကို ဖေါ်ပြနေပါတယ်။



ဘုရားသခင်ကသူ့ရဲ့ဂုဏ်အင်္ဂါလက္ခဏာတွေကို လူသားအနေနဲ့သားတော်(ယေရှုခရစ်)က တဆင့်ဖေါ်ပြပါတယ်။

ယေရှုခရစ်တော်လောကကိုကြွလာတဲ့အခါလူတွေဟာ “အသွေးအသားနဲ့ဘုရားသခင်”ကိုမြင်တွေ့ကြရတာဖြစ်ပါတယ်။ (ယော၊၁း၁၄)။ ဒါကြောင့်လဲသူသင်ကြားပေးတာကိုကြားခဲ့ကြရ၊ သူနဲ့ကိုယ်တိုင်ပြောဆိုခွင့်ရခဲ့ကြ၊ ဖျားနာပြီးလိုအပ်နေသူတွေအတွက် နိမိတ်လက္ခဏာနဲ့ကျန်းမာခွင့်ပေးခဲ့တာတွေကိုမြင်ခဲ့ကြရပြီး ဘုရားသခင်ရဲ့အမြင်ဆုံးမေတ္တာတော်ကို ကျွန်တော်တို့အားလုံးရဲ့အပြစ်တွေကိုယူဆောင်သွားပြီးယေရှုကိုလက်ဝါးကပ်တိုင်ပေါ်မှာအသေခံစေခြင်းနဲ့ ပြသခဲ့ပါတယ်။ ယေရှုကို ခန္ဓာနဲ့အသေခံစေပြီးတဲ့နောက် သုံးရက်မြောက်တဲ့နေ့မှာ သင်္ချိုင်းထဲကထမြောက် လမ်းလျှောက်စေခဲ့ခြင်းနဲ့ ဘုရားသခင်ကသေခြင်းမာန်ကို အောင်မြင်တဲ့တန်ခိုးကိုပြသခဲ့ပါတယ်။



ဘုရားသခင်က သူ့ရဲ့စကားတော်နဲ့လဲ သူဘယ်သူဖြစ်တယ်ဆိုတာကိုဖေါ်ပြပါတယ်။ (သမ္မာကျမ်း)

သမ္မာကျမ်းစာကတော့ ဘုရားသခင်ရဲ့အကြံအစည်တော်ဘဲဖြစ်ပါတယ်။ (၁ကော၊၂း၁၆)။ သန့်ရှင်းသောဝိညာဉ်တော်က သတ်မှတ်ထားတဲ့လူတွေကိုနှိုးဆော်ပြီးရေးသားစေလို့ အခုကျွန်တော်တို့ ဖတ်နေတဲ့ သမ္မာကျမ်းစာ ၆၆ စောင်ဖြစ်လာရတာပါ။ (၂တိ၊ ၁း၂၁)။ သမိုင်းတလျှောက်မှာလဲ ဘုရားသခင်ကိုသိကျွမ်းဖို့နဲ့အကြံအစည်တော်ကို သိလိုသူတွေလေ့လာနိုင်ဖို့ ရွေးချယ်ခံရတဲ့သူတွေ့ကို သင်ကြားပေးစေခဲ့ပါတယ်။ ဥပမာ ရှေးယခင် (ယေရှုလူ့ဇာတိခံပြီးလောကကိုမကြွလာမှီ) ပရောဖက်တို့၊ ဗိမာန်တော်မှာရှိတဲ့ယဇ်ပုရောဟိတ်တို့ကတဆင့် ဘုရားသခင်ကသူ့အကြောင်းကို သင်ကြားပေးစေခဲ့ပါတယ်။ ဒီနေ့ခေတ်မှာကြတော့ ဘုရားသခင်က ဧဝံဂေလိသမားနဲ့သင်းအုပ်ဆရာတွေကိုသုံးပြီး ကျွန်တော်တို့အတွက် သူ့အကြောင်းနဲ့ သူ့ရဲ့အကြံတော်ကို နားလည်ဖို့သင်ကြားပေးစေပါတယ်။

သမ္မာကျမ်းစာကိုလေ့လာခြင်းကနေပြီး ဘုရားသခင်ရဲ့ထူးခြားတဲ့ ဂုဏ်တော်(၁၀) ပါးကိုသိရှိနိုင်ပါတယ်။

ဂုဏ်အင်္ဂါလက္ခဏာတခုစီဟာ စုံလင်ပါတယ်။ ဒါကတော့ ဘုရားသခင်ဟာ ဘယ်ရှုထောင့်ကကြည့်ကြည့် စုံလင်တော်မူတယ်လို့ဆိုလိုတာဖြစ်ပါတယ်။

## တန်ခိုးကြီးမားမြင့်မြတ်တော်မူသောဘုရားသခင်



ဒါကတော့ ဘုရားသခင်ဟာဖန်ဆင်းတော်မူသမျှအပေါ်မှာ အခွင့်တန်ခိုးနဲ့အုပ်စိုးတော်မူတယ်လို့ဆိုလိုတာပါ။ အတိအကျပြောရရင် ကောင်းကင်တမန်နဲ့ လူသားတွေကိုဖြစ်ပါတယ်။ “ထာဝရဘုရားဟူ၍နာမတော်ရှိသော ကိုယ်တော်တစ်ပါးတည်းသာလျှင်၊ မြေကြီးတပြင်လုံးအပေါ်မှာအမြင်ဆုံးသောဘုရားဖြစ်တော်မူကြောင်းကိုသိကြပါစေသော။(ဆာလံ၊၈၃း၁၈)”

ဒါကြောင့် ဘုရားသခင်ရဲ့အုပ်စိုးခြင်းအာဏာတော်ကိုကိုယ်စားပြုပြီး ဘုရင်ရဲ့သရဖူကိုသုံးနိုင်ကြတာဖြစ်ပါတယ်။

မေတ္တာရှင်ဖြစ်တော်မူသောဘုရားသခင်



၁ယောဟန်၄း၁၆မှာ "ဘုရားသခင်သည်ချစ်ခြင်းမေတ္တာဖြစ်တော်မူ၏" လို့ကျွန်တော်တို့ကိုပြောထားပါတယ်။ ဘုရားသခင်ရဲ့ချစ်ခြင်းမေတ္တာဆိုတာ စိတ်ခံစားမှုအပေါ်မူတည်တဲ့ (အချိန်အနဲ့အညီ ပြောင်းလဲတတ်တဲ့) မေတ္တာမျိုးမဟုတ်ပါဘူး။ စုံလင်တော်မူတဲ့ဘုရားသခင်ရဲ့ဖြစ်ခြင်းအပေါ် မူတည်တာဖြစ်လို့ မပြောင်းလဲဘူး၊ ပြီးတော့အခြေအနေပေါ်မူတည်တာလဲ မဟုတ်ပါဘူး။ ဘုရားသခင်က အစဉ်ချစ်ခဲ့တယ် သူ့ကိုဆန့်ကျင်ပြီးအပြစ်ပြုလုပ်မိလဲဘဲ ဆက်ချစ်နေဦးမှာပါ။

မပြောင်းလဲတော်မူသောဘုရားသခင်



ဘုရားသခင်ဟာ ဘယ်တော့မှမပြောင်းလဲသလို သူ့ကိုဘယ်သူကမှလဲ ပြောင်းလဲအောင်မလုပ်နိုင်ပါဘူး။ ဒါကြောင့်လဲ ပြောင်းလဲခြင်းမရှိတဲ့ဘုရားသခင်ကို ကျောက်ဆောင်နဲ့ဥပမာပေးအသုံးပြုတတ်ကြတာဖြစ်ပါတယ်။

ထာဝရဖြစ်တော်မူသောဘုရားသခင်



ဘုရားသခင်မှာ အစ အဆုံးဆိုတာမရှိပါဘူး။ ဘုရားသခင်သည် ထာဝရအသက်ဖြစ်ပြီး ယေရှုခရစ်ကို ကယ်တင်ရှင်အဖြစ်ယုံကြည်တဲ့သူတိုင်းအတွက် အဲ့ဒီအသက်ကိုပေးပါတယ်။ (ယော၊၃း၁၆၊ ၁ယော၊၅း၁၁)။

သမ္မာတရားဖြစ်တော်မူသောဘုရားသခင်




ဘုရားသခင်က အမှားနဲ့အမှန်ကိုသိပြီး သူ့ရဲ့သတ်မှတ်စံနှုန်းတွေကို ရေးသားမှတ်တမ်းတင်ထားတဲ့ သူ့စကားတော်ဖြစ်တဲ့ သမ္မာကျမ်းစာထဲမှာရှင်းရှင်းလင်းလင်းပြောထားပါတယ်။ သူကဘယ်တောမှ မုသာမပြောပါဘူး။ နောက်ပြီးသူ့ကိုလဲ ဘယ်သူကမှလှည့်ဖျားလို့မရပါဘူး။ သင့်အတွက် သူပေးထားတဲ့ကတိတော်တွေကအမြဲတည်ပြီး အမြဲသစ္စာရှိတဲ့ဘုရားသခင်ဖြစ်ပါတယ်။(ဆာ၊၁၀၀း၅)။

ဖြောင့်မတ်တော်မူသောဘုရားသခင်



ဖြောင့်မတ်တယ် ဆိုတာကတော့ အပြစ်နဲ့ကင်းစင်တဲ့ဖြစ်ခြင်းနဲ့ အမှားတခုမှမလုပ်မိဘူးလို့ ဆိုလိုတာပါ။ ဘာကြောင့်လဲဆိုတော့ ဘုရားသခင်ဟာအပြစ်နဲ့ပတ်သက်စရာအကြောင်းမရှိသလို သူသတ်မှတ်ထားတဲ့စံချိန်မှီအောင် အပြစ်ကို တရားစီရင် (တရားမျှတစွာ) သူဖြစ်နေလို့ပါ။

ဘုရားသခင်ရဲ့လူ့ဇာတိအနေနဲ့ ယေရှုမှာ "အပြစ်မရှိပါဘူး။" (၂ကော၊၅း၂၁)။ ဘာကြောင့်လဲ ဆိုတော့ အပြစ်ဗီဇမပါဘဲ (အာဒံထံမှလာတဲ့ မွေးရာပါအပြစ်) ထူးခြားစွာမွေးဖွားလာလို့ ဖြစ်ပါတယ်။ ကြီးမားတဲ့ဖိအားနဲ့ (မဿဲ၊ ၂၆း၃၉) အပြစ်ရဲ့စုံစမ်းသွေးဆောင်မှုတွေ (မဿဲ၊၄း၁–၁၁) ကြုံခဲ့ရပေမယ့် ခမည်းတော်ရဲ့အလိုတော်ကို အမြဲဆောင်ရွက်ခဲ့ပါတယ်။

တရားမျှတသောဘုရားသခင်



ဘုရားသခင်ကအမြဲမျှတတယ်၊ ဖြောင့်မတ်ခြင်းနဲ့အသက်ရှင်ပေမယ့်သတ်မှတ်ထားတဲ့ဖြောင့်မတ်မှု စံချိန်စံနှုန်းနဲ့လွဲပြီးဆုံးဖြတ်အသက်ရှင်သူတွေကို (ဆုံးမတယ်၊စည်းကမ်းရှိအောင်ပြုပြင်ပေးတယ်)။ ဒါပေမယ့် သူ့အလိုတော်ကိုဆောင်ဖို့ရွေးချယ်ပြီး ကောင်းကောင်း အသက်ရှင်သူတွေကိုတော့ ကောင်းကြီးမင်္ဂလာဖြစ်စေပါတယ်။ တနည်းနဲ့ပြောရရင် ဘုရားသခင်ကိုသင်မနာခံဘူးဆိုရင်တော့ သင့်ကိုဆုံးမသွန်သင်မယ်၊သင်နာခံတယ်ဆိုရင်တော့ သူကသင်စဉ်းစာနိုင်မှုထက်ကျော်လွန်အောင် ကောင်းကြီးပေးနိုင်ပါတယ်။(ဖေက်၊ ၃း၂၀)

## အရာခပ်သိမ်းကိုသိတော်မူသောဘုရားသခင်



လွန်ခဲ့တဲ့ထာဝရကာလကစပြီး ဘုရားသခင်ကအားလုံးကိုသိပြီးဖြစ်ပါတယ်။ ကျွန်ုပ်တို့ပြောဆိုစဉ်းစားကြတဲ့ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ် အပါအဝင်အားလုံးကို သိပြီးဖြစ်ပါတယ်။ (ဘုရားသခင်က အချိန်ရဲ့အပြင်ဖက်မှာတည်ရှိပြီးဖြစ်လို့ ဖြစ်ပျက်သမျှအားလုံးကို တချိန်ထဲနဲ့ သိနိုင်တာဖြစ်ပါတယ်။) သင်ဘာလိုအပ်တယ်ဆိုတာ ဘုရားသခင်သိပါတယ်။ ဘာကသင့်ကိုပျော်ရွှင်စေသလဲဆိုတာလဲ သူသိပါတယ်။ သင့်ဘဝမှာ သင်ချမယ့် ကောင်းဆိုး ဆုံးဖြတ်ချက်အားလုံးကိုလဲ သိပါတယ်။ ဘုရားသခင်က သဗ္ဗညုတအရှင်ဖြစ်ပါတယ်။ အံ့ဩဖွယ်ရာပါ။

## နေရာတိုင်းတွင်ရှိတော်မူသောဘုရားသခင်



ဘုရားသခင်က စကြာဝဠာနဲ့ စကြာဝဠာရဲ့အပြင်ဖက်မှာရှိနေတာဖြစ်ပါတယ်။ ဘုရားသခင်က နေရာတိုင်းမှာရှိနေပါတယ်။ ဆိုလိုတာကတော့ သင်ဘယ်ကိုသွားသွား သင်နဲ့အတူရှိနေတဲ့ ဘုရားသခင်ဖြစ်ပါတယ်။ (ဟေဗြဲ၁၃း၅)

အနန္တတန်ခိုးတော်ရှင်ဘုရားသခင်



ယေရှုခရစ်တော်ကတဆင့်ဘုရားသခင်ကစကြာဝဠာကိုဖန်ဆင်းခဲ့ပြီး ကျွန်တော်တို့ရဲ့အကျိုးအတွက် ဆက်လက်ထိန်းသိမ်းထားတာဖြစ်ပါတယ်။ (ကမ္ဘာဦးကျမ်း ၁း၁၊ ကောလောသဲ ၁း၁၆)။ နောက်ဆုံးချိန်ရောက်ရင် ဒီစကြာဝဠာကိုဖျက်ဆီးပြီးတော့ ကျွန်တော်တို့အတွက်အသစ်ကို ဖန်ဆင်းပေးမှာဖြစ်ပါတယ်။ (၂ ပေ၊၃း၁၀၊ ဗျာဒိတ် ၂၁း၁)။ ဘုရားသခင်အတွက်တော့ ဘာမှ မဖြစ်နိုင်စရာမရှိပါဘူး။ (လုကာ၊၁း၃၇)

## သုံးပါးတစ်ဆူဖြစ်တော်မူခြင်း

ဘုရားသခင်ကပုဂ္ဂိုလ်တော်အနေနဲ့သုံးပါးရပ်တည်ပေမယ်လို့ တစ်ဆူတည်းသောဘုရားသခင် ဖြစ်ပါတယ်။ ခမည်းတော်ဘုရား၊ သားတော်ဘုရား၊ သန့်ရှင်းသောဝိညာဉ်တော်ဘုရား လို့ဖြစ်တည်ခေါ်ဆို ပါတယ်။ **ပုဂ္ဂိုလ်တော်သုံးပါး** ဖြစ်ပေမယ့် **တစ်ဆူတည်း** ဖြစ်ပါတယ်။ ခမည်းတော်ဘုရား၊ သားတော်ဘုရား၊ သန့်ရှင်းသောဝိညာဉ်တော်ဘုရားကိုခေါ်တဲ့ ဒီထူးခြား ဆက်နွယ်မှုကိုတော့ "ထြိနတီ" လို့ခေါ်ပါတယ်။ ("three" တြိသုံးခုနဲ့ စည်းလုံးညီညွတ်မှု "unity" ပါ။)

“ထြီနတီ” ဆိုတဲ့စကားလုံးကို သမ္မာကျမ်းစာထဲမှာ ဖေါ်ပြထားတာမတွေ့ရပေမယ့် အကြိမ်ကြိမ် သွန်ပေးထားတာကိုတွေ့ရပါတယ်။

**ခမည်းတော်ဘုရားသည် ဘုရားသခင်ဖြစ်တော်မူ၏။** “သနားခြင်းကရုဏာ၏အဘ၊ သက်သာခြင်း အမျိုးမျိုးတို့၏ အရှင်တည်းဟူသော ငါတို့သခင်ယေရှုခရစ်၏ ခမည်းတော်ဘုရားသခင်သည် မင်္ဂလာရှိတော်မူစေသတည်း။” (၂ကော၊၁း၃)။

**သားတော်ဘုရားသည် ဘုရားသခင်ဖြစ်တော်မူ၏။** “အကြောင်းမူကား၊ ဘုရားသခင်၏ ဇာတိအဖြစ်တော်၏ ပြည့်စုံခြင်းအပေါင်းသည် ခရစ်တော်၌ကိုယ် ထင်ရှား၍ကိန်းဝပ်တော်မူ၏။” (ကောလောသဲ ၂း၉)။

“ငါသည်(ခရစ်တော်) ငါ့ခမည်းတော်နှင့် တလုံးတဝတည်းဖြစ်သည်ဟု မိန့်တော်မူ၏။” (ယောဟန်၊ ၁၀း၃၀)။

သန့်ရှင်းသောဝိညာဉ်တော်ဘုရားသည် ဘုရားသခင်ဖြစ်တော်မူ၏။ ယေရှုသည် ဗတ္တိဇံ ကိုခံတော်မူပြီးလျှင်၊ ရေမှပေါ်ထစဉ်တွင်၊ ကောင်းကင်ဖွင့်လှစ်သဖြင့်၊ ဘုရားသခင်၏ ဝိညာဉ်တော်သည်ချိုးငှက်ကဲ့သို့ဆင်းသက်၍ကိုယ်တော်အပေါ်၌ နားတော်မူသည်ကို မြင်ရ၍၊ (မဿဲ၊ ၃း၁၆)။

“သခင်ဘုရားဟုဆိုသော် ဝိညာဉ်တော်တရားကိုဆိုလိုသတည်း။ သခင်ဘုရား၏ဝိညာဉ်တော် တရားသည် လွှတ်ခြင်းချမ်းသာကိုပေးတတ်၏။” (၂ကော၊၃း၁၇)။

ဘုရားသခင်ရဲ့ဖန်ဆင်းတော်မူထားတဲအရာတွေကလဲ **တစ်ပါးထဲ** ဖြစ်ပေမယ်လို့ ပုဂ္ဂိုလ်တော်သုံးပါး ရပ်တည်နေတာကိုနားလည်စေပါတယ်။

ဘုရားသခင်က **စကြ်ာဝဠာတခုထဲကို** ဖန်ဆင်းခဲ့ပေမယ့် ခွဲခြားလို့မရနိုင်တဲ့ အရာသုံးမျိုးဖြစ်တဲ့ **အာကာသ၊ အချိန်၊ စွမ်းအင်** တို့ကိုဖြစ်စေခဲ့ပါတယ်။



အာကာသထဲမှာ ခွဲခြားလို့မရတဲ့အရာသုံးမျိုး ကတော့ *အမြင့်၊ အကျယ်အဝန်း* နဲ *အရှည်* တို့ဖြစ်တည်ပါတယ်။

အချိန်မှာ ခွဲခြားလို့မရတဲ့အပိုင်းသုံးမျိုး ကတော့ *အတိတ်၊ ပစ္စုပ္ပန်* နဲ့ *အနာဂတ်* တို့ ဖြစ်တည်ကြပါတယ်။

အလင်း (စွမ်းအင်) မှာ ဖြစ်တည်နေတဲ့ အပိုင်းသုံးပိုင်းကတော့ *လိုင်းလျားရှည်ရောင်ခြည်၊ မြင်နိုင်တဲ့ရောင်စဉ်လှိုင်း* ၊ နဲ့ *ခရမ်းလွန်ရောင်ခြည်* တွေပါ။

